



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်







# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်

- အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း (National Human Rights Institution – NHRI) ဆိုသည့် အခြေခံသဘောတရားကို သိရှိနားလည်စေရန်။
- မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အကြောင်းကို သိရှိနားလည်စေရန်။
- လူ့အခွင့်အရေး ထိပါးချိုးဖောက်ခံရမှုများကို ကော်မရှင်သို့ ဆက်သွယ်တိုင်ကြားနိုင်စေရန်။




## လူ့အခွင့်အရေးကော်မရှင်ဆိုတာဘာလဲ?

- လူ့အခွင့်အရေးကော်မရှင်ဆိုတာ လူသားအားလုံးရဲ့အခွင့်အရေးတွေကို မြှင့်တင်နိုင်ရေး အသိပညာပေးဖို့နဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအပေါ် ကာကွယ်စောင့်ရှောက်ဖို့အတွက် ဥပဒေအရ တာဝန်ပေးအပ်ဖွဲ့စည်းထားတဲ့ လွတ်လပ်တဲ့ နိုင်ငံတော်အဆင့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါတယ်။




- နိုင်ငံတော်က ဖွဲ့စည်းပေးပြီး ရန်ပုံငွေကိုလည်း နိုင်ငံတော်က ထောက်ပံ့ပေးလေ့ရှိပါတယ်။ လူ့အခွင့်အရေးကော်မရှင်ကို ပါရီအခြေခံမူများနှင့်အညီ ဖွဲ့စည်းရပါတယ်။ ကော်မရှင်တွေဟာ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိကြပါတယ်။




## ပါရီအခြေခံမူဆိုတာဘာလဲ?

- ပါရီအခြေခံမူဆိုတာ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းတွေ ဖွဲ့စည်းတည်ထောင်မှုနဲ့ဆိုင်တဲ့ စံနှုန်းများကို ဖော်ပြထားတဲ့ မူများဖြစ်ပြီး နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထား ကြပါတယ်။

# လူ့အခွင့်အရေးဆိုတာ ဘာတွေလဲ?

အခြေခံအခွင့်အရေးတွေကတော့ ...

- လူတိုင်း မွေးကတည်းက တူညီသော ဂုဏ်သိက္ခာနဲ့ အခွင့်အရေးရှိကြတယ်။




- လူမျိုး၊ အသားအရောင်၊ ကျား မ၊ ဘာသာစကား၊ ကိုးကွယ်သည့် ဘာသာ၊ လူမှုအဆင့်အတန်း စသည်တို့ကို အကြောင်းပြု၍ ခွဲခြားမှုမပြုရ။

- လူတိုင်း အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နဲ့ လူပုဂ္ဂိုလ် လုံခြုံမှုရခွင့် ရှိကြတယ်။



- လူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်နဲ့ ရွေးချယ်ခံပိုင်ခွင့်ရှိကြတယ်။




- လူတိုင်းပညာသင်ယူခွင့်ရှိတယ်။



- မိမိအခွင့်အရေးနဲ့ လွတ်လပ်ခွင့်များကို ဥပဒေအရသာ ကျင့်သုံးခွင့်ရှိတယ်
- အခြားသူများရဲ့အခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေကိုလည်း အသိအမှတ်ပြုလေးစားရမယ်။

## ဘယ်လိုတာဝန်တွေရှိလဲ?

- ကော်မရှင်တွေရဲ့ အဓိကတာဝန်တွေကတော့ လူ့အခွင့်အရေး မြှင့်တင်ပညာပေးခြင်းနဲ့ ကာကွယ်စောင့်ရှောက်ခြင်းတို့ဖြစ်ပါတယ်။

## လူ့အခွင့်အရေးမြှင့်တင်တယ်ဆိုတာ ဘာတွေလဲ?


- ကော်မရှင်ဟာ လူ့အခွင့်အရေးများကို မြှင့်တင်ရေး (Human Rights Promotion) အတွက် အသိပညာပြန့်ပွားရေး (Human Rights Education) နဲ့ ပတ်သက်ပြီး ဒီလိုလုပ်ငန်းတွေ လုပ်ဆောင်ကြပါတယ်။



# လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းဆိုတာ ဘာလုပ်တာလဲ?

- ကော်မရှင်ဟာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်း (Human Rights Protection) နဲ့ ပတ်သက်ပြီး ဒီလိုလုပ်ငန်းတွေ လုပ်ဆောင်ကြရပါတယ်။

၁။ တိုင်ကြားစာများ လက်ခံခြင်း




၃။ စစ်ဆေးတွေ့ရှိချက်များအပေါ် ထုတ်ပြန်ကြေညာချက်၊ အကြံပြုချက် အစီရင်ခံစာများ ပေးပို့ခြင်း

၂။ စုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း

၄။ ပြည်သူလူထုအတွင်း သွားရောက်စုံစမ်းမေးမြန်းခြင်း


၅။ ဆန်းစစ်လေ့လာခြင်း

၆။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုကြောင့် ထိခိုက်နစ်နာသူအား ပြန်လည်ကုစားမှုရရှိရေး သို့မဟုတ် နစ်နာကြေးရရှိစေရေး ဆောင်ရွက်ပေးခြင်း

၇။ ဥပဒေရဲ့ အကာအကွယ်နဲ့ တရားမျှတမှုရရှိရေး ဆောင်ရွက်ခြင်း

အဲဒီလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ အစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတကာဆက်ဆံရေးကိစ္စများနဲ့ ဥပဒေရေးရာကိစ္စများကိုလည်း ဆက်စပ်ဆောင်ရွက်ရပါတယ်။

# ဘယ်သူတွေနဲ့ ဖွဲ့စည်းလေ့ရှိလဲ?



- ကော်မရှင်ကို လူ့အခွင့်အရေးဘာသာရပ်ကျွမ်းကျင်သူများ၊ လူ့အခွင့်အရေးအတွက် ဆောင်ရွက်နေတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအတွေ့အကြုံရှိသော အစိုးရအရာထမ်းဟောင်းများ၊ အလုပ်သမားသမဂ္ဂများ၊ လူမှုရေးရာနှင့် ကျွမ်းကျင်ပညာရှင်များ (ဥပမာ - နိုင်ငံတကာဆက်ဆံရေး၊ ဥပဒေရေးရာ၊ ဆေးပညာ၊ စာနယ်ဇင်း အတွေ့အကြုံရှိသူများ)၊ ထင်ပေါ်ကျော်ကြားသော ပညာရှင်များ၊ အတွေးအခေါ်ပညာရှင်များ၊ တက္ကသိုလ်များနှင့် တစ်သီးပုဂ္ဂလပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များစတဲ့ နယ်ပယ်အစုံမှ ကျွမ်းကျင်ပညာရှင်များနဲ့ ဖွဲ့စည်းနိုင်ပါတယ်။

# ကော်မရှင်ဟာ လူထုနဲ့ တွေ့ဆုံဖို့လိုသလား၊ ဘာကြောင့်လဲ?

- ကော်မရှင်ဟာ လူ့အခွင့်အရေး အသိပညာများ ဖြန့်ဝေဖို့၊ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေတွေကို ဆန်းစစ်လေ့လာဖို့နဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေကို စုံစမ်းစစ်ဆေးဖို့အတွက် လူထုနဲ့တွေ့ဆုံဖို့ လိုပါတယ်။ ဒါမှသာ ပြည်သူလူထုရဲ့ ဖြစ်ပျက်နေတဲ့ ပကတိ အခြေအနေတွေကို သိရှိမှာဖြစ်ပြီး အစိုးရကို တိုက်တွန်းအကြံပြုနိုင်မှာ ဖြစ်ပါတယ်။




# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ကို ဘယ်တုန်းကဖွဲ့ထားလဲ?

- ၂၀၁၁ ခုနှစ်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။




- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကနေ ပြဋ္ဌာန်းခဲ့ပြီး ဥပဒေနဲ့အညီ ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်၊ ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့် သတ်မှတ်ပြီး သက်တမ်းအလိုက် ကော်မရှင် အသီးသီးကို ဖွဲ့စည်းခဲ့ပါတယ်။




## ဘာရည်ရွယ်ချက်နဲ့ ဖွဲ့ထားသလဲ?

- မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာစေရန် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းထားပါတယ်။




## ဘယ်သူတွေနဲ့ ဘာကြောင့် ဖွဲ့စည်းထားသလဲ?

- ကော်မရှင်သည် မြန်မာနိုင်ငံသားများဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနဲ့ မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များပါ အခွင့်အရေးများကို နိုင်ငံသားများ ရရှိခံစားနိုင်စေရန် နိုင်ငံ့အကျိုး ရည်မျှော်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါတယ်။







CRC

CEDAW

CRPD


ICESCR

## ဥပဒေကပြဋ္ဌာန်းပေးထားသော ကော်မရှင်၏ လုပ်ပိုင်ခွင့်တာဝန်က ဘာတွေလဲ?




- လူ့အခွင့်အရေး အသိပညာပေး လုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ဖို့နဲ့ သတင်းအချက်အလက်များ ဖြန့်ဝေဖို့ဖြစ်တယ်။

- နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်တဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်တွေကို အစိုးရအဖွဲ့ထံ အကြံပြု တင်ပြနိုင်ပါတယ်။



- တည်ဆဲဥပဒေနဲ့ အဆိုပြုဥပဒေကြမ်းတွေကို နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားတဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနဲ့ ကိုက်ညီမှု ရှိ/မရှိ လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးတို့အတွက် ပြဋ္ဌာန်း၊ ပြင်ဆင်၊ ဖြည့်စွက်သင့်တဲ့ ဥပဒေများနဲ့ အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရပါတယ်။



- လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းလာခဲ့ရင် စိစစ်ပြီး စုံစမ်းစစ်ဆေးပါတယ်။ တွေ့ရှိချက်ကို သက်ဆိုင်ရာ အစိုးရဌာနများက လိုအပ်သလို ဆောင်ရွက်နိုင်ဖို့ အကြံပြုချက်တွေ ပေးပို့ပါတယ်။

- လူ့အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပွားတဲ့ နေရာများကို သွားရောက်စစ်ဆေးပါတယ်။ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းများနဲ့ အစိုးရ၊ ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကိုလည်း အကြောင်းကြားပြီး သွားရောက်စစ်ဆေးပါတယ်။



- အရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ တိုင်ပင်ဆွေးနွေး ဆောင်ရွက်ပါတယ်။



- ကမ္ဘာ့နိုင်ငံအားလုံးရဲ့ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) အပါအဝင် အခြားသော အမျိုးသားအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနဲ့ သင့်လျော်သလို တိုင်ပင်ဆွေးနွေး ပူးပေါင်းဆောင်ရွက်ပါတယ်။




- ကော်မရှင်ဟာ နိုင်ငံအတွင်း လူ့အခွင့်အရေး အခြေအနေများကို စနစ်တကျ စောင့်ကြည့်လေ့လာခြင်း (Monitoring)၊ စုံစမ်းစစ်ဆေးခြင်း၊ တွေ့ရှိချက်များအပေါ် အကြံပြုတိုက်တွန်းခြင်း (Recommendation) နဲ့အတူ နိုင်ငံတော်သမ္မတ၊ လွှတ်တော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ အများပြည်သူထံသို့ အစီရင်ခံစာတင်ပြဖို့ တာဝန်ရှိတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။



## လူ့အခွင့်အရေးချိုးဖောက်ခံရရင် ကော်မရှင်က ဘာတွေလုပ်ပေးနိုင်လဲ?

- လူ့အခွင့်အရေးဖောက်ဖျက်မှုများကို ကော်မရှင်ဥပဒေလုပ်ထုံးလုပ်နည်းများအပြင် တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံး၊ သက်သေခံဥပဒေတို့နဲ့အညီ ဆီလျော်သလို စုံစမ်းစစ်ဆေးပြီး ဖောက်ဖျက်ခံရမှုကို ကုစားပေးနိုင်ပါတယ်။




## လူ့အခွင့်အရေးချိုးဖောက်မှုများနဲ့ ပတ်သက်ပြီး ဘယ်သူတွေက ဘယ်လို တိုင်ကြားရမလဲ?



နိုင်ငံသားတစ်ဦးဟာ

ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ ဥပဒေပါ အခွင့်အရေးတွေ

နိုင်ငံတော်က လက်ခံထားတဲ့ လူ့အခွင့်အရေး သဘောတူစာချုပ်တွေ မှာပါရှိတဲ့ လူ့အခွင့်အရေးတွေကို ဖောက်ဖျက်ခြင်းခံရရင်

မိမိကိုယ်တိုင်အတွက်ဖြစ်စေ၊ အခြားသူတစ်ဦးအတွက်ဖြစ်စေ၊ လူတစ်စုကို ကိုယ်စားပြု၍ဖြစ်စေ ကော်မရှင်ကို တိုင်ကြားနိုင်ပါတယ်

- တိုင်ကြားချက်ကို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (ရုံးခွဲ) နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့သို့ လိပ်မူ၍ စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ် (Fax) ၀၁၈ – ၆၅၄၆၇၈ မှ တစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါတယ်။




- ဒါ့အပြင် ဒီ QR Code မှတစ်ဆင့်လည်း တိုင်ကြားနိုင်ပါတယ် –

# တိုင်ကြားရင်ဘာတွေပါရမလဲ?

၁ တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်စုံ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ် နှင့် အီးမေလ်းတို့ရှိရင် ထည့်သွင်းဖော်ပြရန်)။

၂ တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာ ဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲပေးပို့ရန်။

၃ တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပါရှိရန်။

၄ တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးရန်။



# ကော်မရှင်ကို ဘယ်လိုဆက်သွယ်နိုင်မလဲ?





- ကော်မရှင်ရုံးချုပ် – အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ တယ်လီဖုန်းအမှတ် ၀၁၈ – ၆၅၄၆၇၈၊ ၀၁၈ – ၆၅၄၆၈၁၊ ၀၁၈ – ၆၅၄၆၇၃။
  Email: mnhrcprotection@gmail.com
  info@mnhrc.org.mm

- နေပြည်တော် (ရုံးခွဲ) – သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
  တယ်လီဖုန်းအမှတ် ၀၆၇ – ၃၄၃၂၅၉၃

- မန္တလေး (ရုံးခွဲ) – ကမ်းနားလမ်း၊ ၃၄ x ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
  တယ်လီဖုန်းအမှတ် ၀၂ – ၄၀၃၀၄၈၅

- စစ်တွေ (ရုံးခွဲ) – ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ မေယုလမ်း၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

- ပုသိမ် (ရုံးခွဲ) – မြို့နယ်စုပေါင်းရုံးဝင်း၊ မဟာစေတီလမ်းမကြီး၊ အမှတ် (၁၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
  တယ်လီဖုန်းအမှတ် ၀၄၂ – ၂၀၂၉၃၂၇



MNHRC

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

MYANMAR NATIONAL HUMAN RIGHTS COMMISSION





အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

၀၁၈-၆၅၄၆၇၈၊ ၀၁၈-၆၅၄၆၈၀

https://mnhrc.org.mm info@mnhrc.org.mm